လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

# (နအဖ)စစ်အစိုးရ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၅) အပေါ်<br>လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏<br>သဘောထား

စစ်အစိုးရ၏ သတင်းစာရှင်းလင်းပွဲ အမှတ် (၄/၂၀၀၅) တွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ရန်ကုန်ဗုံးပေါက်ကွဲမှုနှင့်ပါတ်သက်၍ စွပ်စွဲပြောဆိုထားချက်များသည် လုံးဝအခြေအမြစ်မရှိပါ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၌ "အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ရေးပေါ်လစီ မူဝါဒလုပ်ငန်းစဉ်များ"လုံးဝ (လုံးဝ) ချမှတ်ထားခြင်းမရှိပါ။ မိမိတို့အနေဖြင့် ဒီမိုကရေစီရရှိရေးအတွက် ငြိမ်းချမ်းသောနည်းလမ်းများဖြင့် တစိုက်မတ်မတ် လှုပ်ရှားဆောင်ရွက်နေသော နိုင်ငံရေးပါတီ တစ်ရပ်ဖြစ်ပါသည်။

ကျနော်တို့ပါတီအနေဖြင့် နိုင်ငံရေးရည်ရွယ်ချက်အတွက်သော်လည်းကောင်း၊ ဖျက်လိုဖျက်ဆီးဆန္ဒဖြင့်သော်လည်းကောင်း၊ ထိုသို့အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ရေးပေါ်လစီမူဝါဒနှင့်လုပ်ရပ်မှန်သမျှကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ပါသည်။ ဗုံးပေါက်ကွဲမှုများကြောင့် သေကြေထိခိုက်ဒဏ်ရာအနာတရ ဖြစ်ခဲ့ရသော အပြစ်မဲ့ပြည်သူများအတွက် ၎င်းတို့၏ မိသားစုများနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသည် **'မည်သူတွေ၊ မည်သည့်အဖွဲ့အစည်းတွေ၊ မည်ကဲ့သို့ ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (နအဖ) စစ်အစိုးရအနေဖြင့် မည်ကဲ့သို့အရေးယူဆောင်ရွက်နေသည်'**ဆိုသည့်အချက်များကို တိကျရှင်းလင်းစွာ ဖေါ်ထုတ်နိုင်ခဲ့ခြင်းမရှိလုံးဝမရှိဘဲ အခြေအမြစ်မရှိသော လုပ်ကြံစွပ်စွဲချက်များကိုသာ ထပ်မံဖေါ်ထုတ်ခဲ့သည့် သတင်းစာ ရှင်းလင်းပွဲသာဖြစ်ပါသည်။

ထိုဗုံးပေါက်ကွဲမှုဖြစ်စဉ်များက (နအဖ) စစ်အစိုးရအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုနှင့် အေးချမ်းသာယာမှုကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ခြင်း မရှိကြောင်း အထင်အရှား ဖေါ်ထုတ်ပြလိုက်သည့် သက်သေသာဓက တစ်ခုဖြစ်ပါသည်။

ယခုလို အများပြည်သူတို့ကျီးလန့်စာစား စိုးရိမ်ပူပန်ထိတ်လန့်နေရသည့် အချိန်ကာလတွင် (နအဖ)စစ်အစိုးရအနေဖြင့် ယခုကဲ့သို့အခြေအမြစ်မရှိသော လုပ်ကြံစွပ်စွဲချက်များကို ပြုလုပ်နေမည့်အစား လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ ဗုံးပေါက်ခွဲမှု၏ လက်သည်တရားခံ ဖေါ်ထုတ်ရေးကိုသာ အမြန်ဆုံးပြုလုပ်သင့်ပါသည်။

ဗဟိုကော်မတီ<br>လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ<br>၂၀၀၅ ခုနှစ်၊ မေလ (၁၈) ရက်။

ဆက်သွယ်ရန် – ကိုခင်မောင်တင့် (၀၁-၆၇၅၈၇၃၁)<br>– ကိုငွေလင်း (၀၁-၄၇၅၉၂၂၃)